## ရည်ရွယ်ချက်

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများအား ပိုမိုထိရောက်ကောင်းမွန်သောဝန်ဆောင်မှုပေးခြင်းဖြင့် အခွန်ထမ်းဖြစ်ထိုက်သူများအားလုံး အခွန်ထမ်းဖြစ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယခင်ကလူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်မှတစ်ဆင့်ဖြစ်စေ အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားနေမှုများအစား အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားခြင်းကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အကျိုးအမြတ်မယူသောအဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ပြည်တွင်း၌ရုံးခွဲအဖြစ်လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် ပြည်ပနိုင်ငံရှိကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားရာတွင် အဆင်ပြေချောမွေ့စေရန်နှင့်တပြေးညီဆောင်ရွက်နိုင်ကြစေရန် ဤလက်ကမ်းစာစောင်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။


## လျှောက်ထားရမည့်အချိန်




ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများဖြစ်ပါက ဖွဲ့စည်းတည်ထောင်သည့် (သို့) မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း(၉၀) အတွင်း အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားရမည်။

တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်သွားရမည်။

## လျှောက်ထားရမည့်နည်းလမ်း




ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့်အကျိုးအမြတ်မယူသော အဖွဲ့အစည်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရာတွင် အောက်ပါအဆင့်(၂)ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်ပါသည် -

**အခွန်ထမ်းမှဦးစွာအကောင့်မှတ်ပုံတင်ခြင်း (User Account Registration)**

- ❖ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ပင်မစာမျက်နှာရှိ e-Registration မှတစ်ဆင့်ဝင်ရောက်၍သော်လည်းကောင်း https://eregistration.ird.gov.mm မှတစ်ဆင့်ဝင်ရောက်၍သော်လည်းကောင်း၊ User Account Registration ဆောင်ရွက်ပုံအဆင့်ဆင့် အသုံးပြုသူလမ်းညွှန် (User Guide) ပါအတိုင်း ဖြည့်သွင်းဆောင်ရွက်ရမည်။

**အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားခြင်း**

- ❖ Account Register ပြုလုပ်ထားသည့် အီးမေးလ်နှင့် Password တို့ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) မှတစ်ဆင့်အခွန်ထမ်းအမျိုးအစားအလိုက် အသုံးပြုသူလမ်းညွှန် (User Guide) ပါအတိုင်း အဆင့်ဆင့်ဖြည့်သွင်းဆောင်ရွက်ရမည်။

အခွန်ထမ်းအမျိုးအစားအလိုက် အသုံးပြုသူလမ်းညွှန် (User Guide) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ "Website: www.ird.gov.mm" ပင်မစာမျက်နှာရှိ e-Registration ထဲသို့ဝင်၍ Download ရယူနိုင်ပါသည်။

## လျှောက်ထားရာတွင် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ

ပုဂ္ဂိုလ်စုအခွန်ထမ်းများအနေဖြင့် အောက်ပါစာရွက်စာတမ်းအထောက်အထားများအား Soft Copy (ဥပမာ.pdf၊.jpg၊.png၊.gif စသည့်သက်ဆိုင်သည့် format) ဖြင့် ပူးတွဲတင်ပြရမည်-

**ကုမ္ပဏီများ၊ အဖွဲ့အစည်းများ (သို့မဟုတ်) ပြည်တွင်း၌ရုံးခွဲအဖြစ် လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် ပြည်ပနိုင်ငံရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ**

- ❖ ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လိပ်မူ၍ Company Letter Head ဖြင့် အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားစာ၊
- ❖ ပြည်ပနိုင်ငံရှိအသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်နှင့် စာရွက်စာတမ်းအထောက်အထားများ၊
- ❖ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးထားသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(Company Certificate)နှင့်Company Extract Form များ၊
- ❖ ထိုက်သင့်ရာတံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ (သို့) သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း(ရှိပါက)၊
- ❖ MIC/SEZ ၏ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက MIC/ SEZ ၏ ခွင့်ပြုမိန့် အထောက်အထားများ၊
- ❖ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရှိ လိပ်စာ/ ဖုန်းနံပါတ်/ အီးမေးလ် ပြောင်းလဲမှုရှိပါက Company Letter Head ဖြင့်တင်ပြစာနှင့် အခြားသောစာရွက်စာတမ်းများ၊
- ❖ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီဖြစ်ပါက ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသော မှတ်ပုံတင်လက်မှတ်။

**အကျိုးအမြတ်မယူသောအဖွဲ့အစည်းများ**

- ❖ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန (သို့) အစိုးရအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက အသိအမှတ်ပြုထုတ်ပေးထားသော ခွင့်ပြုကာလ မကုန်ဆုံးသေးသည့် မှတ်ပုံတင်လက်မှတ်နှင့် ဆက်စပ်စာရွက်စာတမ်းများ၊
- ❖ အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်ရှိ လိပ်စာ/ ဖုန်းနံပါတ်/ အီးမေးလ် ပြောင်းလဲမှုရှိပါက အသင်းအဖွဲ့၏ letter Head ဖြင့်တင်ပြစာနှင့် အခြားသောစာရွက်စာတမ်းများ၊
- ❖ MoU (နားလည်မှုစာချွန်လွှာ) လက်မှတ်ရေးထိုးထားခြင်းများရှိပါက ဆက်စပ်စာရွက်စာတမ်းများတင်ပြရန်၊ မရှိပါက MoU (နားလည်မှုစာချွန်လွှာ) လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း အသင်းအဖွဲ့၏ letter Head ဖြင့် တင်ပြစာ။

တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဝင်ငွေခေါင်းစဉ်များအလိုက် အောက်ပါစာရွက်စာတမ်းအထောက်အထားများအား Soft Copy (ဥပမာ . pdf၊ jpg၊ .png၊. gif စသည့်သက်ဆိုင်သည့် format)ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်ပြီး ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက ထိုက်သင့်ရာတံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား ပူးတွဲတင်ပြရမည် -

- ❖ **လစာ**
  - ✓ **ပြည်တွင်းနေနိုင်ငံသား(သို့) ပြည်တွင်းနေနိုင်ငံခြားသား**
    - ➢ နိုင်ငံသားစိစစ်ရေးကတ် (သို့) နိုင်ငံကူးလက်မှတ်၊
    - ➢ အိမ်ထောင်စုလူဦးရေစာရင်း၊
    - ➢ ကုမ္ပဏီ (သို့) အလုပ်ရှင်၏ ဝန်ထမ်းဖြစ်ကြောင်းထောက်ခံချက်၊
    - ➢ အလုပ်နှင့်စပ်လျဉ်းသည့် အထောက်အထားများ(Contract/ Appointment)၊
    - ➢ စည်းကြပ်မှုခံယူလိုသည့်အခွန်ရုံးအမည် (လစာဝင်ငွေခွန်ပြန်အမ်းငွေအတွက် စည်းကြပ်မှုခံယူမည့်ကိစ္စတွင် မိမိနေထိုင်သည့် လိပ်စာမဟုတ်ဘဲ အခြားမြို့နယ်အခွန်ရုံးတွင် စည်းကြပ်မှုခံယူလိုပါက သီးခြားလျှောက်လွှာအား လက်မှတ်ရေးထိုးပူးတွဲတင်ပြရန်)။
  - ✓ **ပြည်ပနေနိုင်ငံသား(သို့) ပြည်ပနေနိုင်ငံခြားသား**
    - ➢ နိုင်ငံသားစိစစ်ရေးကတ် (သို့) နိုင်ငံကူးလက်မှတ်၊
    - ➢ အိမ်ထောင်စုလူဦးရေစာရင်း၊
    - ➢ လစာဝင်ငွေဆိုင်ရာအထောက်အထား (သင်္ဘောသားဖြစ်ပါက Portage Bill)၊
    - ➢ OWICအမှတ် (သို့) Continuius Discharge Certificate(CDC) (သို့) Seafarer's Identification and Record Book(SIRB)၊
    - ➢ အလုပ်နှင့်စပ်လျဉ်းသည့်အထောက်အထားများ။



- ❖ **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း**
  - ✓ နိုင်ငံသားစိစစ်ရေးကတ်၊
  - ✓ အိမ်ထောင်စုလူဦးရေစာရင်း၊
  - ✓ လုပ်ငန်းလိုင်စင်၊ စည်ပင်လိုင်စင်၊ အခြားရယူထားသောလိုင်စင်များနှင့် သက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်များ၊
  - ✓ လုပ်ငန်းနေရာတစ်ခုထက်ပိုပါက သီးခြားစာရင်းဖြင့်တင်ပြရန်၊
  - ✓ စည်းကြပ်မှုခံယူလိုသည့် အခွန်ရုံးအမည်( မိမိနေထိုင်သည့် လိပ်စာမဟုတ်ဘဲ အခြားမြို့နယ်အခွန်ရုံးတွင် စည်းကြပ်မှုခံယူလိုပါက သီးခြားလျှောက်လွှာအား လက်မှတ်ရေးထိုးပူးတွဲတင်ပြရန်)။
- ❖ **စီးပွားရေးလုပ်ငန်း**
  - ✓ နိုင်ငံသားစိစစ်ရေးကတ်၊
  - ✓ အိမ်ထောင်စုလူဦးရေစာရင်း၊
  - ✓ လုပ်ငန်းလိုင်စင်၊ စည်ပင်လိုင်စင်၊ အခြားရယူထားသောလိုင်စင်များ၊

- ✓ လုပ်ငန်းနေရာတစ်ခုထက်ပိုပါက သီးခြားစာရင်းဖြင့်တင်ပြရန်၊
- ✓ စည်းကြပ်မှုခံယူလိုသည့် အခွန်ရုံးအမည် (မိမိနေထိုင်သည့် လိပ်စာ မဟုတ်ဘဲ အခြားမြို့နယ်အခွန်ရုံးတွင် စည်းကြပ်မှုခံယူလိုပါက သီးခြားလျှောက်လွှာအား လက်မှတ်ရေးထိုးပူးတွဲတင်ပြရန်)။

❖ **ပစ္စည်းငှားရမ်းခ**

- ✓ နိုင်ငံသားစိစစ်ရေးကတ်၊
- ✓ အိမ်ထောင်စုလူဦးရေစာရင်း၊
- ✓ သက်ဆိုင်ရာစာချုပ်စာတမ်းများ။

❖ **အခြေပစ္စည်းမှမြတ်စွန်းငွေ**



- ✓ နိုင်ငံသားစိစစ်ရေးကတ်၊
- ✓ အိမ်ထောင်စုလူဦးရေစာရင်း၊
- ✓ အရောင်း/အဝယ်စာချုပ်အပြင်
- ✓ **အိမ်/ခြံ/မြေ အတွက်ဖြစ်ပါက**
  - ➢ မြေယာပုံစံ-၁၀၅/၁၀၆(မြေပုံ/ မြေရာဇဝင်)၊
  - ➢ မြေငှားဂရန်စာချုပ်/ ပိုင်ဆိုင်မှုအထောက်အထားများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ။
- ✓ **မော်တော်ယာဉ်/ ရေယာဉ်အတွက်ဖြစ်ပါက**
  - ➢ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)၊
  - ➢ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(Certificate of Vehicle Registration)၊
  - ➢ ရေယာဉ်သက်သေခံလက်မှတ်၊
  - ➢ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသည့် ရေယာဉ် တည်ဆောက်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်ဖော်ပြမှုပုံစံ။
- ✓ **အစုရှယ်ယာအတွက်ဖြစ်ပါက**
  - ➢ ကုမ္ပဏီ၏ Letter Head နှင့် Extract Form ။

❖ **အခြားရလမ်းများမှ ဝင်ငွေ**



- ✓ နိုင်ငံသားစိစစ်ရေးကတ်၊
- ✓ အိမ်ထောင်စုလူဦးရေစာရင်း၊
- ✓ လုပ်ငန်းလိုင်စင်၊ စည်ပင်လိုင်စင်နှင့်အခြားရယူထားသော လိုင်စင်များ၊
- ✓ လုပ်ငန်းနေရာတစ်ခုထက်ပိုပါက သီးခြားစာရင်းဖြင့် တင်ပြရန်၊
- ✓ စည်းကြပ်မှုခံယူလိုသည့် အခွန်ရုံးအမည် (မိမိနေထိုင်သည့်လိပ်စာ မဟုတ်ဘဲ အခြားမြို့နယ်အခွန်ရုံးတွင် စည်းကြပ်မှုခံယူလိုပါက သီးခြားလျှောက်လွှာအား လက်မှတ်ရေးထိုးပူးတွဲတင်ပြရန်)။

**NOTICE!**

အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဖြည့်သွင်းချက်များ၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာအခွန်ရုံးက အကြောင်းကြားလာပါက ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ပေးရမည်။

## အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (TINCertificate) ရယူခြင်း

ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် အကျိုးအမြတ်မယူသောအဖွဲ့အစည်းများအတွက် အခွန်ထမ်းမှတ်ပုံတင်လက်မှတ်များ (TIN Certificate)အား အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲမှ e-mail ဖြင့် အကြောင်းကြားပေးပို့သွားမည်ဖြစ်ပြီး တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ရယူနိုင်ပါသည်။

## အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) အားအသုံးပြုခြင်း

အခွန်ထမ်းများအနေဖြင့် မိမိတို့အားသတ်မှတ်ပေးထားပြီးဖြစ်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်အား အောက်ပါကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရမည်ဖြစ်ပါသည်-

- ❖ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊
- ❖ အခွန်ပေးဆောင်ခြင်း၊
- ❖ အခွန်ကြေညာလွှာတင်သွင်းခြင်း၊
- ❖ ငွေပေးချေမှုများဆောင်ရွက်ခြင်း၊
- ❖ ကုန်စည်တင်သွင်းခြင်း၊
- ❖ ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊
- ❖ တင်ဒါလုပ်ငန်းဆောင်ရွက်ခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ခြင်း။

## ကျေးဇူးတင်လွှာ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်များ လျှောက်ထားကြရာတွင် ဤလက်ကမ်းစာစောင်ပါအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါသော အခွန်ထမ်းပြည်သူများအား ကျေးဇူးအထူးတင်ရှိပါသည်။

<u>အသေးစိတ်သိရှိလိုပါက</u> သတင်းအချက်အလက်နည်းပညာဌာနခွဲ (e-Payment Section)၊ အမှတ် ၅၆၉/၅၇၇ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၇၉၀၂၁ (e-Filing Section) ဖုန်း-၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀ ၁၉၅ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ ၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယအထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ရုံးအမှတ်(၄၆)၊ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊၆၅လမ်း၊ ၂၂x၂၃လမ်းကြား၊အောင်မြေသာစံမြို့နယ်၊ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊၀၂-၄၀၃၀၆၃၉ သို့ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www .ird .gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့်ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ



**e-Registration**

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**https://www.ird.gov.mm**

“ Tax by the Law, Service by our Heart ”